
သခင့်စကား ၁-၁၁

# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်

သင်သည် လက်ျာဘက်၊ လက်ဝဲဘက်သို့ လမ်းလွှဲလျှင် ဤမည်သောလမ်းသည် မှန်၏။ ဤလမ်း၌သွားလော့ဟု သင့်နောက်၌ ပြောသော စကားသံကို ကိုယ်နားနှင့် ကြားရလိမ့်မည်။
ဟေရှာယ ၃၀း၂၁

စာမှတ်စဉ် (၁၁) ဇူလိုင်လ ၂၀၁၂ ခုနှစ် စေ့ဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း တစ်ခါ ဖြန့်ချီသည်)



## လက်ဝါးကပ်တိုင်တော်၏ အာဇာနည်များ

မြန်မာတိုင်းရင်းသား ယုံကြည်သူခရစ်ယာန် များထဲတွင် ဆရာယုဒသန် အား မသိသောသူ မရှိသလောက်ရှားပါသည်။ ဆရာကြီးအား မြန်မာပြည်၏ သာသနာ့ အာဇာနည်ဟု တင်စားနိုင်ပါသည်။ ဆရာယုဒသန်ကဲ့သို့ ဘုရားသခင်၏ သာသနာအတွက် စွန့်စားသွားကြသော အခြား အာဇာနည်များလည်း ရှိပါသေးသည်၊ ထိုသူများသည် ကျွန်တော်တို့၏ မြန်မာပြည်အတွင်းသို့ လာရောက် သာသနာမပြုခဲ့ သည့်အတွက် မြန်မာတိုင်းရင်းသား ခရစ်ယာန်များက မသိကြခြင်းဖြစ်သည်။ အခြားနိုင်ငံများတွင် စွန့်စားခဲ့ကြသော သာသနာ့ အာဇာနည် ၅ ဦးအကြောင်း အနည်းငယ် ဖော်ပြရမည်ဆိုလျှင် ... ...

### (၁) ဝီလီယမ် ကယ်ရီ ( WILLIAM CAREY ) 1760 - 1834

( ခေတ်သစ်သာသနာပြုခြင်း၏ ဖခင် ... )

ဝိတ်ဘိမ်ကုပ်လေးထဲတွင် ညစ်ပေနေသော ဖိနပ်ဟောင်းများကို ဖာချုပ်နေသော ဝီလီယမ်ကယ်ရီ ဆိုသည့် လူငယ်လေးကို သင်တွေ့မြင်ခဲ့စဉ်က၊ ထိုသူသည် နောင်သောအခါ သမ္မာကျမ်းစာကို ကမ္ဘာ့ဘာသာစကားပေါင်း များစွာ၏ သုံးပုံ တစ်ပုံ သို့ ဘာသာပြန်ပေးသော သာသနာပြုလုပ်ငန်း၏ ဖခင်ကြီး ဖြစ်လာလိမ့်မည် ဟု ထင်မှတ်ခဲ့မည် မဟုတ်ချေ။

ဝီလီယမ်ကယ်ရီ သည် ၁၂ နှစ်သားတွင် ကျောင်းထွက်လိုက်ရသည်။ ၁၄ နှစ်တွင် ဖခင်ဖြစ်သူက ဖိနပ်ချုပ်သမားတစ်ဦးထံတွင် အပ်နှံကာ ဖိနပ်ချုပ်ပညာကို သင်ယူစေခဲ့သည်။ သူသည် ဘာသာရေး၌ စိတ်ပါဝင်စားမှု လုံးဝမရှိချေ။ အသင်းတော် သံစုံသီချင်းအဖွဲ့၌ ပါဝင်သီဆိုခဲ့ပြီး ကောင်းမွန်သော ခရစ်ယာန် အိမ်ထောင်၌ ကြီးပြင်းခဲ့သော်လည်း မကောင်းသောသူငယ်ချင်းများနှင့် ပေါင်းကာ ဆဲရေးတိုင်းထွာခြင်း၊ မုသာပြောခြင်း၊ ညစ်ညမ်းသောပုံများ ပြောခြင်းပြုခဲ့၏။ တစ်နေ့တွင် အလုပ်ရှင်၏ငွေ တစ်ချို့လင် ကိုသုံးမိသောကြောင့် ဖမ်းဆီးခံရပြီး လူပုံအလယ်၌ အရှက်ခွဲခံခဲ့ရသည်။ ဤဖြစ်ရပ်အားဖြင့် နှိမ့်ချစိတ်ဖြစ်ပေါ်ခဲ့ပြီး ဘုရားအမှုဆောင်လိုစိတ် ဖြစ်ပေါ်လာခဲ့သည်။ သင်းအုပ်ဆရာက 'လူတစ်ဦးသည် ဘုရားရှိခိုးကျောင်းတက်ခြင်း၊ ကောင်းစွာအသက်ရှင်ခြင်းဖြင့် ခရစ်ယာန်မဖြစ်နိုင်၊ ခရစ်တော်ကို မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံခြင်းဖြင့်သာ ခရစ်ယာန် ဖြစ်ကြောင်း' သူ့အားရှင်းပြခဲ့သည်။ နောက်ဆုံးသူကိုယ်တိုင် နောင်တရလာပြီး ဒူးထောက်လျက် ခရစ်တော်ကို လက်ခံကာ အသက်တာပြောင်းလဲခဲ့ သည်။ သူသည် ဖိနပ်ချုပ်လျက်ပင် အင်္ဂလန်ပြည်၊ မူလတန်းရပ်ကွက် အသင်းတော် တစ်ခု၌ သင်းအုပ်ဆရာအဖြစ် လုပ်ဆောင်ခဲ့သည်။

နံနက်တိုင်းသူ၏ ခုံတန်းလျားနားတွင် ဒူးထောက်၍ ကမ္ဘာ့မြေပုံကို ကြည့်ကာ ခရစ်တော်မရသေးသော တိုင်းနိုင်ငံများအတွက် ဆုတောင်းလေ့ရှိ၏။ သာသနာပြုရန် လမ်းပွင့်လာသောအခါ တောင်ပင်လယ်ကျွန်းများနှင့် အနောက်အာဖရိကဘက်သို့ သွားရန်ဆုံးဖြတ်ခဲ့သော်လည်း အိန္ဒိယပြည်သို့ သွားခဲ့ သည်။ ထိုစဉ်က သူ၏အသက်မှာ ၃၃ နှစ်သာရှိသေးသည်။ ကယ်ရီသည် စားဝတ်နေရေးအတွက် မဲနယ်စက်ရုံ မန်နေဂျာ ဝင်လုပ်ခဲ့သည်။ သမ္မာကျမ်းစာပုံနှိပ်ရန် ပုံနှိပ်စက်တစ်လုံး ရှိခဲ့သော်လည်း မီးလောင်သွားခဲ့သည်။

၁၈၀၀ပြည့်နှစ်တွင် ကယ်ရီသည် ဆေရမ်ပိုးကောလိပ်ကို တည်ထောင်ခဲ့ သည်။ မိဘမဲ့ဂေဟာနှင့် အနာကြီးရောဂါသည် ဆေးရုံတစ်ဆောင် လည်းတည် ထောင်ခဲ့ သည်။ အိန္ဒိယ၌ ၂၂နှစ်နီးပါးနေခဲ့ပြီး ၁၈၁၅ခုနှစ်၌ ကယ်ရီ အားဖြင့် ယုံကြည်သူ ၇၆၅ဦးရှိခဲ့၏၊ သူမသေဆုံးခင် အိန္ဒိယ၌ အသင်းတော် ၂၆ပါး တည်ထောင်ခဲ့၏။

၁၈၀၀ပြည့်နှစ်တွင် ဓမ္မသစ်ကျမ်းကို ဘင်္ဂါလီဘာသာသို့ ပြန်ဆိုခဲ့၏။ သမ္မာကျမ်းစာ တစ်အုပ်လုံးကို ဘာသာစကား ၂၀ နီးပါးပြန်ဆိုခဲ့ပြီး အရှေ့တိုင်း ဘာသာစကားဖြင့် ဓမ္မသစ်ကျမ်းကို ဘာသာစကား ၄၀ကျော် ပြန်ဆိုခဲ့သည်။ ထို့ကြောင့် သူ့အား ကမ္ဘာတစ်ခုလုံး၏ ၁/၃ အတွက် သမ္မာကျမ်းကို ဘာသာပြန်ပေးခဲ့သူဟု ပြောစမှတ်ပြုကြသည်။ ၁၈၃၄ ဇွန်လတွင် သူကွယ်လွန်ခဲ့ပြီး ရုပ်ကွာကို သူချစ်မြတ်နိုးသော အိန္ဒိယပြည်တွင် မြှုပ်နှံခဲ့သည်။ သူ၏ဇာတိ အင်္ဂလန်ပြည်သို့ တစ်ခါမျှမပြန်ဘဲ အိန္ဒိယ၌ ၄၁ နှစ်ကြာ အမှုတော်မြတ်ကို ဆောင်ရွက်ခဲ့ပါသည်။

### (၂) ဒေးဗစ် လစ်ဗင်းစတုန်း ( DAVID LIVINGSTONE ) 1813 - 1873

( ဆေးကြောင်းရှာဖွေသူ )

ဒေးဗစ်လစ်ဗင်းစတုန်း ကို ၁၈၁၃ခုနှစ် မတ်လ ၁၉ရက်နေ့တွင် စကော့တလန်ပြည်၌ မွေးဖွားခဲ့သည်။ အသက် ၂၀တွင် ခရစ်တော်ကို သူ၏ ကယ်တင်ပိုင်ရှင် အဖြစ်လက်ခံပြီး အခြားတိုင်းနိုင်ငံများတွင် သာသနာပြုတစ်ဦး ဖြစ်လာရန် ဆက်ကပ်အပ်နှံခဲ့သည်။ ဆေးပညာဘွဲ့များရလာပြီး တရုတ်ပြည်သို့ သွားရောက်အမှုတော်ဆောင်ရန် သူ ဆုံးဖြတ်ခဲ့သော်လည်း အာဖရိကတိုက်၌ သာသနာပြုနေသော ပုဂ္ဂိုလ်တစ်ဦးသည် အင်္ဂလန်သို့ရောက်လာပြီး ' လေကောင်း ဖျော်လင့်ရက်မရှိသူ၊ ဘုရားသခင်ကို မသိသူ၊ ခရစ်တော်ကို မရသေးသောသူများ၏ ရွာပေါင်းတစ်ထောင်ကျော်ကို ကျွန်ုပ်မြင်ပါသည်' ဆိုသော သက်သေခံချက်ကို ကြားခဲ့ရ၍ အာဖရိကတိုက်သို့ သွားရောက်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ထို့နောက် မဲမှောင်နေသော အာဖရိကတောနက်ထဲ၌ သာသနာပြုခဲ့ပါသည်။ ထိုနေရာတွင် လူနှင့် အိမ်မွေးတိရစ္ဆာန်များကို ဒုက္ခပေးနေသော ခြင်္သေ့ များကို သူကိုယ်တိုင် ဦးဆောင်၍ လိုက်လံပစ်ခတ် နှိမ်နင်းရာမှ ခြင်္သေ့ ကုတ်လိုက်သောကြောင့် သေရာပါ ဒဏ်ရာ ရရှိသွားခဲ့ သည်။ ဝတ်ချလူမျိုးများ၏ ကျွန်ကုန်ကူးခြင်းကို တားဆီး ခဲ့သောကြောင့် ရန်ပြုခြင်းခံရသေးသည်။ ဆက်လက်၍ ခရီးထွက်လာရာ ဇနီးနှင့် သားသမီးများအတွက် အန္တရာယ်များလှသောကြောင့် သူတို့ကို အင်္ဂလန်သို့ ပြန်ပို့ပြီး တစ်ဦးတည်းခရီးဆက်ခဲ့ သည်။ အာဖရိကတိုက် အလယ်ကိုဖြတ်၍ နယ်မြေသစ်များ ရှာဖွေမှု ခရီးစဉ်ကို အစပြုခဲ့သည်။

လစ်ဗင်းစတုန်း အားဖြင့် ခရစ်တော်ကို ပထမဦးဆုံး ယုံကြည်လက်ခံကာ ပြောင်းလဲလာသည့် အာဖရိက အကြီးအကဲတစ်ဦးက 'ဒီလောက်ကောင်းတဲ့ ကယ်တင်ခြင်း သတင်းစကားတွေကို မင်းတို့တိုင်းပြည်က လူတွေက ဘာဖြစ်လို့ အစကတည်းက ငါတို့ကို လာမပြောတာလဲ၊ ငါတို့ ဘိုးဘေးတွေအားလုံး ဒီ သတင်းစကားကို မကြားရဘဲ သေဆုံးသွားခဲ့ကြရပြီ' ဟုအပြစ်တင်ခဲ့ပါသည်။

ဤစကားက သူ့အား ဧဝံဂေလိသတင်းကို ပို၍ဟော ပြောနိုင်ရန် ခွန်အား ဖြစ်စေခဲ့သည်။ အာဖရိကတိုက်ရှိ မြစ်များ၊ အိုင်များကို လစ်ဗင်းစတုန်း ရှာဖွေတွေ့ရှိ ခဲ့သဖြင့် သူ့အားလူသိများလာခဲ့သည်။ သူသည် အာဖ ရိကတိုက်၌ ၁၆နှစ်ကြာနေခဲ့ပြီး ခရီးမိုင်ပေါင်း ၉၀၀၀ခန့် ကို အများအားဖြင့် ခြေလျင် (သို့) လှေဖြင့်သွားခဲ့ သည်။ သူ၏ရှာဖွေတွေ့ရှိမှုများကို အသိအမှတ်ပြုသည့် အနေဖြင့် အင်္ဂလန်သို့ သူပြန် လာသည့်အခါ ရွှေတံ ဆိပ်များနှင့် ဂုဏ်ထူးဆောင်ဘွဲ့များကို သူ့အားပေးအပ် ချီးမြှင့်ခဲ့သည်။ သူ၏သူငယ်ချင်းက အာဖရိကတွင် သာသနာပြု နေသော ဒေးဗစ် လစ်ဗင်းစတုန်း အားမိမိ ကိုင်းပြည်သို့ပြန်လာ၍ ကျော်ကြားမှုနှင့် စည်းစိမ်ခံစား မှုရရှိရန်အတွက် ဖျောင်းဖျသွေးဆောင် ခဲ့သော်လည်း သာသနာ အလုပ် မပြီးသေးသောကြောင့် ပြန်ရန် ငြင်းဆန် ခဲ့သည်။


၁၈၇၃ ခုနှစ် မေလ၏ တစ်ခုသောနံနက်ခင်း ၌ သူ၏ တဲထဲသို့ ဝင်ကြည့်သောအခါ အိပ်ယာကုတင် နံဘေး၌ ဒူးထောက်လျက် ခေါင်းအုံးပေါ်တွင် လက် ထောက်ကာ ဆုတောင်းသည့် အနေအထားဖြင့် အသက်သေဆုံးလျက် နေကြောင်းတွေ့ရှိခဲ့ရသည်။ သူ သည် သေသည့်တိုင်အောင် အာဖရိကတိုက်ရှိ ပျောက် ဆုံး ဝိညာဉ်များအတွက် ဆုတောင်းပေးနေခဲ့ သည်။ အာဖရိက လူမျိုးများက သူ့ နှလုံးကို အာဖရိကတိုက်၌ မြှုပ်နှံပြီး အလောင်းကို မိုင် ၉၀၀ ခန့်ဝေးသည့် ကမ်းခြေ သို့ သယ်ဆောင်ခဲ့ကြ၏။ အမွှေးရနံ့များ လိမ်းကျံပြီး နောက် အင်္ဂလန်သို့ သယ်ယူခဲ့ကြသည်။ ခြင်္သေ့ကုတ်ဖဲ့ ခဲ့သော ဒဏ်ရာကြောင့် သူ့အလောင်းအား ဒေးဗစ် လစ်ဗင်းစတုန်း မှန်းသေချာစေခဲ့သည်။ သူ့အား အင်္ဂလန်ပြည်၌ ကျော်ကြား သူများနှင့် လူကုံထံများကို သဂြိုလ်သော ဝက်စ်မင်စတာဘုရား ရှိခိုးကျောင်းဝင်း၌ သဂြိုလ်ခဲ့ကြသည်။ ထောင်ပေါင်းများစွာသော ပရိတ် သတ်တို့က သူ့ကို လေးစားသောအားဖြင့် လာ ရောက်ခဲ့ကြသည်။

ထိုစဉ် ပရိတ်သတ်ထဲမှ ဆင်းရဲနွမ်းပါးသော အဘိုးအိုတစ်ဦးက ဒေးဗစ် လစ်ဗင်းစတုန်း၏ အလောင်း ကိုကြည့်ကာ အားရပါးရ ငိုကြွေးနေသည်။ အဘယ့် ကြောင့် ငိုနေကြောင်း မေးကြည့်သောအခါ ' ဒေးဗစ်နဲ့ ငါနဲ့က တစ်ရွာ တည်းသား တွေ ဖြစ်တယ်၊ တနင်္ဂနွေ ဓမ္မပညာကျောင်းကို အတူတူ တက်ခဲ့ကြတယ်၊ စက်ရုံ တစ်ခုမှာ အတူတူအလုပ်လုပ်ခဲ့ကြတယ်၊ ဒါပေမဲ့သူက ဘုရားသခင်လမ်းကို ရွေး ချယ်ခဲ့ပြီး၊ ငါကတော့ ကိုယ့် လမ်းကို ကိုယ်ရွေးချယ်ပြီး အသက်ရှင်ခဲ့ကြတယ်။ အခု တော့ သူက တတိုင်းပြည်လုံးရဲ့ ဂုဏ်ပြုခြင်းကို ခံရ တယ်။ ငါကတော့ လူမသိ သူမသိ နဲ့ ယစ်ထုတ်ကြီး တစ်ယောက် အဖြစ် အဆုံးသတ်ရတော့မယ်' ဟုပြန်ဖြေခဲ့ ပါသည်။ လစ်ဝင်းစတုန်းသည် ဘုရားသခင်ကို ချီး မြှောက်ခဲ့ သောကြောင့် ဘုရား သခင်၏ ချီးမြှောက် ခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။

ဤပုဂ္ဂိုလ်နှစ်ဦး၏ အသက်တာနှင့် ဆရာ ယုဒသန်တို့၏ အသက်တာကို ခွန်အားယူ၍ ကျွန် တော်တို့၏ အသက်တာကို ဘုရားရှင်အတွက် ပေး ဆပ်နိုင်ရန် တင်ပြလိုက်ခြင်းဖြစ်ပါသည်။ ( ဝန်ခံချက် – ၂၀၀၂ခုနှစ် ဇူလိုင် ၁၄ရက်နေ့ တွင် ကျရောက်သော ဆရာယုဒသန်နေ့ အမှတ်တရအဖြစ် *Theodore william* ( SERVANTS OF THE CROSS ) အား **ဆရာဦးအုန်းမြင့်** ဘာသာပြန်ဆိုသော **လက်ဝါး ကပ်တိုင်တော်၏ အစေခံများ** စာအုပ်မှ ကောက်နုတ် ဖော်ပြပါသည်။)


ㅇ ㅇ ㅇ ㅇ ㅇ ㅇ ㅇ ㅇ ㅇ ㅇ ㅇ ㅇ ㅇ ㅇ ㅇ ㅇ ㅇ ㅇ ㅇ ㅇ ㅇ

## အမြင်




သုည ...
ထားလိုက်ပါတော့...
၁ နဲ့ ၂ မှာ ပြဿနာ
၁ က ပါဝါ ကြီးတယ်တဲ့...
၂ က မခံ
၁ နှစ်ခုမှ ၂ တစ်ခု ရတယ်တဲ့...
၁ က ခိုင်မာ
၂ ရသည်မှာ
၁ က ၈ ပေါင်း ၂ ဖြစ်မြောက်တဲ့...
ဇာတိသဘော လှိုင်းခတ်ရာမျော
သဘော ...
သမ္မာတရား အပျောက်မှာ
အမြင် ဝေဝါး
ညီမျှခြင်း တစ်ခုမှာတောင်
ဘယ် နဲ့ ညာဟာ
တောင် နဲ့ မြောက် ဖြစ်နေလိမ့်မယ် ... ...
**( မှူးဒါး )**

## နှလုံးသားအားစိန်ခေါ်ခြင်း



နတ်ဆိုးစွဲ သမီးငယ်အတွက်
ပမာပုံရိုင်း ခွေးနဲ့ နှိုင်းခံရတဲ့
ခါနန်သူရဲ့ ရင်ထဲ
လောကီမျက်မှန် တပ်ကြည့်တော့
ကိုယ်တော် ရက်စက်ပါဘိသနော်...

မျက်မှန် မလိုတဲ့
ကိုယ်တော်ရဲ့ အမြင်ထဲ
ခါနန်သူရဲ့ အနစ်ပြည့် ယုံကြည်ခြင်းတွေ
ရှုလို့ ဝေလို့...

ယုံကြည်ခြင်း စစ်တမ်းကို
အေးစက်စက် ဥပေက္ခာ
ချွန်ထက်တဲ့ စကားလုံးနဲ့
နှလုံးသား နုနုကို သွေးတိုးစမ်း ဆွလိုက်တော့
ရောင်ပြန်ဟပ် နှလုံးသားက
"အရိုးအရင်းတော့ ကိုက်ထိုက်ပါတယ် သခင်" တဲ့...

လောကီမယ်ရဲ့ မာယာကြွယ် ကျော့ကွင်းထဲမှာ
ရေလဲပုဆိုး ဖြစ်သွားရှာတဲ့ ယုံကြည်ခြင်းတွေ
နှုတ်ဖျားမှာ သီးပြီး၊ နှလုံးသားမှာ မနီးတဲ့
ယုံကြည်ခြင်း တွေအတွက်
ရွှေကို မီးနဲ့ စစ်သလို
တစ်ခါ တစ်ရံ ကိုယ်တော်ဟာ
နှလုံးသားတွေကို
ခပ်သာသာကလေး ညှစ်တတ်သကွဲ့... ...
**(ဝင်းမြင့်ဦး)** ၃-၃-၂၀၀၂

ㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇㅇ

## ကိုယ်တော့်ကတိ




နာကျင်မှု မရှိတဲ့ နေ့ရက်
ဝမ်းနည်းခြင်း ကင်းတဲ့ ဘဝ
မိုးသည်းထန်ခြင်း မရှိ
နေသာတဲ့ နေ့တွေဘဲ ပေးမယ်လို့
ကိုယ်တော် ကတိ မရှိခဲ့ ...
သို့ပေမဲ့ ......
သေချာတဲ့ ကိုယ်တော့်ရဲ့ ကတိ
နေ့ရက်တွေအတွက် ခွန်အား
မျက်ရည်တွေအတွက် နှစ်သိမ့် နိုင်စွမ်းအား
မိုက်မှောင်တဲ့ လမ်းတွေအတွက် အလင်းနှင့်အတူ
ယုံကြည်သူ အားလုံးအတွက်
ယုံကြည်ခြင်းပါတဲ့ တောင်းဆုသံ
ထာဝရ မပြောင်းလဲသော မေတ္တာဖြင့်
အဖြေပေးနေတယ် မိတ်ဆွေ ...
( God's promise ကဗျာကို ဆီလျော်အောင် ဘာသာပြန် ထားပါသည် ။)
**(အောမီထွန်း)**

မည်သူမဆို စာမူများ ရေးသားပေးပို့နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂဏနှင့် ငြိစွန်းပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ။)
လက်ခံရရှိသော စာမူများကို အလျဉ်းသင့်သလို အလှည့်ကျ ဖော်ပြပေးသွားပါမည်။ စာမူရှင်များ အားလုံးကို ကျေးဇူးတင်ပါသည်။

သဒ္ဒါတရား ၃-၇၇

## ချူယိုးမြေးအကြောင်း



ချစ်ခြင်း၊ မုန်းခြင်း တို့ရဲ့
မြစ်ဖျားခံတဲ့ ရေသောက်မြစ်ကို တူးဆွရင်း၊
လူပဂ္ဂ ကျဆုံးနေတဲ့ ညှော်စန်းထက်က
ဂူရုဝင်ပန်းချီကား တစ်ချပ်။

နှလုံးသားဟာ ဆေးဖက်ဝင်တဲ့ ဂမုန်းနွယ်ဖြစ်ရင်
ကဘူးမြို့ ထဲက ပိန်လိုဖျော့တော့
သူတောင်းစား သူငယ်လေးရဲ့
မို့တက်ပေါင်မုန့်ခြောက် တစ်စ၊
အငြှောင့်တော့ ထွက်သင့်နေရောပေါ့။

သူ့ရဲကောင်းတို့ရဲ့ ခွန့်လွှတ်ခြင်း ဆိုပြီး
ရောင်စုံ မျက်နှာဖုံးစွပ်၊
အငြိုးခံ သတ္တဝါတွေကို လူလည်လုပ်၊
ရူးသွပ်ခြင်းတွေနဲ့ အရူးလုပ်ခံရတဲ့
ရေမြွေတစ်ကောင်ဟာ၊ 'ဆာမူရိုင်း' ဘွဲ့ရဖို့
သူနဲ့အတူ ရေပြည်ကို အတင်းဆွဲချနေရဲ့။

ပလ္လင်ထက်က တရား၊ နားမှာကြားပြီး
အားမပါတဲ့ မှတ်သပ်မှုလို့ မြည်းစမ်းမိရင်
ဘေးအိကြည့်ရောမလို၊
ထုံဆေးမလိုတဲ့ နှလုံးသားမှာ၊
ကျည်းပေါင်းတွေတက်
ဝိုင်းချပ်စ် တစ်ချပ်ရှိတယ်လို့၊
အနိကာဝ် ပြခံရတဲ့ ဆေးမှုတ်တမ်းထဲ
လူမျိုးစွဲ အေ့းမှတ်တွေ – – –
မုဂ္ဂိုလ်စွဲ သလဲတွေ – – –
အတ္တစွဲ လွဲချော်မှုတွေ – – –
ဂိုဏ်းဂဏစွဲ ထိုးနှက်မှုတွေ – – –

ဖေါက်ပြန်မှုတွေ တဖြုတ်ဖြုတ် ကြွေနေချိန်
မနေ့က အစီခံတိုက်ကို
ဒီနေ့ရဲ့ မှုန့်ဝါးဝါး ဆည်းဆာနဲ့ ရောငိုက်ရင်း
မနက်ဖြန်ဆိုတာ မီးပေါက်သွားတဲ့
ပလေကပ် ပုဆိုးလောက်တောင်
ဆွဲဆောင်မှု မရှိဘူးတဲ့၊
အာခေါင် ခြောက်ကွဲအသံပြန်နဲ့
ကုန်းအော်နေသူတွေကြား

ယုံကြည်ခြင်းတွေပုံမှားရိုက်ခံနေရတဲ့ကာလ၊
ခြေရုံရပ်မမှားဖို့၊ သမ္မာတရားချွန်းနဲ့ နာနာအုပ်
အမှောင်ခေတ်ကြီးထဲမှာ
မီးသွေးတုံးကတော့ ဈေးကောင်းနေဆဲ၊
တံတားအောက်က ရေလည်း တသွင်သွင်စီးနေဆဲ၊
လည်ပင်းညှစ်ခံရတဲ့ စားဖက်နေရေးမှာ
" CUP-BOARD LOVE " လည်း မစားသာ၊
ယုံကြည်ခြင်းတွေ ဖုတ်လိုက်ဖုတ်လိုက်
တံခါးဝက သခင့်ရဲ့ ခြေသံ – –
အစာအိမ် သံချောင်းခေါက်သံ – –
ဒေါ်လာ ဥဩဆွဲသံ – –
ကလေးငိုသံ – –
မိန်းမရဲ့ ရိုဆီဖူး ခေါက်ပြသံ – –
အမှောင်ထဲက ထမင်းလုံးက
ကောင်မလေးကို ဆွဲခေါ်နေသံ – –
ပွက်လောထ သံရုံတွေကြားက
လက်တွေ့သံစဉ်ကို ဗမ်းကွင်းအားနဲ့ ညှိကြည့်
မရဘူး ရောင်းရင်းရေ့ –
သခင့် ခေါ်သံ ကြားနိုင်ဖို့
နားဇာချေး ကလော်တံ တစ်ချောင်းတော့ လိုနေပြီ။

ဝင်းမြင့်ဦး ( ၂၃-၆-၂၀၀၂ )

---

## သခင့်စကား




သခင့်စကားကို
အမှုမထားဘဲ၊
ရောက်ချင်ရာရောက်
ဆက်လျှောက်ခဲ့ရင်
စာတန်သခင် ပျော်နေလိမ့်မယ်။

သခင့်စကားကို
ဂရုမထားဘဲ၊
သွားချင်ရာသွား
မိုက်မှားခဲ့ရင်၊
ယေရှုသခင် ငိုနေလိမ့်မယ်။ ။
( စိုးနိုင်ဦး )

---

## သူ




သူမရှိရင်
ကိုယ့်ဘဝဟာ သုည
ပျော်စရာဆိုတာ ဝေလာဝေး၊
ထာဝစဉ် ကြေကွဲမှုတွေနဲ့
ကယ်သူမဲ့ ဘဝမှာ
အားလုံးဟာ မှောင်မိုက်နေခဲ့ ...

သူနှင့်သာ ဆိုရင်
ကိုယ့်ဘဝဟာ သုခ
ဝမ်းနည်းစရာဆိုတာ ကမ္ဘာခြား၊
ထာဝစဉ် ဝမ်းမြောက်မှုတွေနဲ့
အသက်ပေးကယ်တင်တဲ့ ဘဝမှာ
ကျေးဇူးတော်ဟာ ရေတွက်မကုန်ခဲ့ ... ...
( ကျူ:ကျူ )

---

## အမေ ဆိုတာ



အမေ့ရဲ့ မေတ္တာဟာ
ရေလို အေးမြ့ပျံ့ပြီး၊
ခမ်းခြောက်တတ်တဲ့ အရာမဟုတ်ပါ။

အမေ့ရဲ့ သစ္စာဟာ
ငွေလို အတက်အကျမြန်ပြီး၊
တန်ဖိုးပြောင်းလွယ်တဲ့ အရာမဟုတ်ပါ။

အမေ့ရဲ့ စိတ်ဓါတ်ဟာ
မြေလို လျှာနှစ်ခွနဲ့ အဆိပ်ရှိတဲ့၊
ပကာသန လောင်းရိပ်မိတဲ့ အရာမဟုတ်ပါ။

အကယ်တော့ –
အမေဆိုတာ ...
နွေကန္တာရမှာ ရေကြာဖြူပွင့်သလို
သားသမီးတွေအတွက်
အတားအဆီးတွေကို ကျော်ဖြတ်ပြီး
မေတ္တာပါတဲ့ အချစ်နဲ့
အနစ်နာခံပြီး ရွှန်းခဲ့သူပါ။
အမေဆိုတာ ...
မိသားစုဝင်တွေအတွက်
ဂရုထားပြုစုရင်း
တော်ရာမှာ ပျော်နေတတ်တဲ့သူပါ။

လောကမှာ အမေ မရှိရင်
သင်လဲ လူလုံးမလှ
ကျွန်တော်လဲ အပူလုံးကြွ
ကမ္ဘာကြီးလဲ ယိုကြုံးမရနဲ့
ငိုချင်းချနေမှာ သေချာပါတယ်လေ။
( မင်းအောင်သက်လွင် )

# အထူးတာဝန်တော်ရုပ်၏ အမှတ်လက္ခဏာများ



မကြာသေးမီက ဆောင်းပါးတစ်ခုကို ဖတ်ကြည့်ရာမှ ကျွန်တော်၏ စိတ်ကို ထိတွေ့စေသော ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်ကို တွေ့ရှိခဲ့ရလေသည်။ ဇာတ်လမ်းထဲမှ ဖြစ်ပျက်ပုံမှာ မီးလောင်နေသော ၄ထပ်တိုက် အပေါ်ထပ်တွင် မိဘနှစ်ပါးနှင့် ကလေးငယ်တစ်ဦး ပိတ်မိနေ၍ ကယ်သူမဲ့နေသော အကြောင်းဖြစ်သည်။ ထိုမိသားစုအားကယ်တင်နိုင်သော တစ်ခုတည်းသော နည်းလမ်းမှာ မြေပြင်မှလှေကားထောင်၍ ပြူတင်းပေါက်မှတဆင့် ကယ်ရမည့်နည်းဖြစ်သည်။ ထိုအခါ အသက်စွန့်ကယ်ဆယ်လိုသော မီးသတ်သမားတစ်ဦးသည် ဖော်ပြထားသော နည်းလမ်းအတိုင်း ၄ထပ်တိုက် ပြူတင်းပေါက်ဆောင်ကို လှေကားထောင်၍တက်သွားပြီး မီးလောင်တိုက်ထဲမှ ကလေးငယ်အား အသက်စွန့်၍ ကယ်တင်နိုင်ခဲ့လေသည်။ ဝမ်းနည်းစရာဖြစ်ရပ်မှာ ကလေးငယ်၏ မိဘနှစ်ပါးစလုံး မီးလောင်တိုက်ထဲတွင် သေဆုံးသွားသော အကြောင်းပင်ဖြစ်သည်။

လအနည်းငယ်အကြာတွင် မိဘမဲ့ဖြစ်သွားသော ထိုကလေးငယ်အား မွေးစားလိုသူများ အပြိုင်အဆိုင်ပေါ်လာ၍ အငြင်းပွားမှုများဖြစ်လာပြီး တရားဆိုင်ရသည့် အခြေနေသို့ ရောက်ရှိသွားလေသည်။ ကျောင်းဆရာများ၊ ဂေဟနေများ၊ စီးပွားရေးသမားများနှင့် ဆရာဝန်များသည် ထိုကလေးငယ်အား တရားဝင်မွေးစားနိုင်စွမ်းရရန် တရားရုံးသို့ တင်ပြနိုင်မည့် အထောက်အထား ခိုင်ခိုင်လုံလုံပြင်ဆင်၍ နေကြလေသည်။ မိမိတို့၏ပံ့ပိုးထောက်ပံ့နိုင်မှု၊ ကလေးငယ် အားမည်သို့မည်ပုံ ကြီးထက်ကြီးထွားအောင် လုပ်နိုင်မည်ဆိုသော အကြောင်းပြချက်များပြု၍ ကလေးငယ်အား ပိုင်ဆိုင်ခွင့်ရရန် လျှောက်ထားနိုင်ကြောင်း၊ တရားရုံးမှ လူအသီးသီးအား သတင်းထုတ်ပြန် ထားလေသည်။

ရုံးချိန်းသောနေ့၌ တရားရုံးထဲတွင် အမှုဆိုင်လိုသူများ၊ စိတ်ပါဝင်စားသူများ၊ သတင်းထောက်များနှင့်ပြည့်နှက်နေလေသည်။ တရားသူကြီးမှ စီရင်ချက်ချခါနီးတွင် တရားရုံးထဲသို့ ရုံး၏ အနောက်ပေါက်မှတဆင့် လူတစ်ဦး ရှေ့သို့ လျှောက်၍ဝင်လာခဲ့သည်။ ထိုသူသည် သူ၏ လက်နှစ်ဘက်ကို ဘောင်းဘီအိတ်ထဲသို့ ထည့်ထားပြီးလျှောက်လာခဲ့သည်။ ထိုလူအားတွေ့လိုက်ရသော ကလေးငယ်သည် နေရာမှ ချက်ခြင်းနက်ထ၍ မိမိ၏ ဖခင်အရင်းကို တွေ့လိုက်ရသကဲ့သို့ ထိုသူ့ထံ ဝမ်းသာအားရ ပြေးသွားလေသည်။ ကလေးငယ်ပြေးလာသည်ကို မြင်လိုက်ရသော ထိုသူသည် မိမိ၏လက်နှစ်ဘက်ကို ဘောင်းဘီအိတ်ထဲမှ ဆန့်ထုတ်ပြီး ကလေးငယ်အား ကောက်ယူပွေ့ချီလိုက်ပါသည်။ ဆန့်ထုတ်လိုက်သော ထိုသူ၏ လက်အစုံကို မြင်လိုက်ရသော ပရိတ်သတ်များက ထိုသူသည် မည်သူမည်ဝါဖြစ်ကြောင်း ကောင်းကောင်း သဘောပေါက်သွားကြလေသည်။

ထိုသူ၏ လက်နှစ်ဘက်တွင် မီးလောင်ဒဏ်ရာများနှင့် လွှန်စွာအကျည်းတန်၍ အရုပ်ဆိုးနေလေသည်။ မီးလောင်နေသော ၄ထပ်တိုက်ပေါ်မှ ကလေးငယ်အား ကယ်တင်ခဲ့စဉ်က မီးအရှိန်ကြောင့်ပူလောင်နေသော သံမဏိဘောင်များကို ကိုင်၍တွယ်တက်ခဲ့စဉ်တွင် ရရှိခဲ့သော မီးလောင်ဒဏ်ရာများဖြစ်သည်။ ထိုသူ၏လက်တွင် အလွန်ရာပါမီးလောင်ဒဏ်ရာများ ရရှိခဲ့သော်လည်း ကလေးငယ်အား မီးလောင်တိုက်ထဲမှ ကယ်တင်နိုင်ခဲ့လေသည်။ ထိုဒဏ်ရာအမာရွတ်များသည် အထူးတာဝန်တစ်ရပ်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သော အမှတ်အသားလက္ခဏာများပင် ဖြစ်ပါတော့သည်။ ထိုနေ့၌ တရားစီရင်ဆုံးဖြတ်ချက်ချရာတွင် ကလေးငယ်အား ထိုမီးသတ်သမားသာလျှင် အမွေစားအမွေခံသားအဖြစ် တရားဝင်အုပ်ထိန်းနိုင်ကြောင်း တရားသူကြီးများက စီရင်ချက်ချခဲ့ပြီး ကြားနာရသော ပရိတ်သတ်များကလဲ အပြည့်အဝ ထောက်ခံခဲ့ကြလေသည်။

လွန်ခဲ့သော နှစ် ၂၀၀၀ခန့်က မီးလောင်နေသော ၄ထပ်တိုက်ထဲတွင် ပိတ်မိနေသော အခြေအနေထက် လွန်စွာဆိုးရွားသော၊ အပြစ်ဒုစရိုက်ထဲတွင် ပိတ်မိနေသည့်လူသားများအား ဘုရားသခင်က ကယ်တင်ခဲ့လေသည်။ လူသားများ၏ ကယ်သူမဲ့သော အသက်ဝိညာဉ်ဆုံးရှုံးနိုင်သည့် အခြေအနေကို ဘုရားသခင်က တွေ့မြင်သွားပြီး လူသားများတွင် ကယ်တင်ရှင်လိုအပ်နေကြောင်း တွေ့မြင်သွားခဲ့သည်။ အပြစ်နွံထဲမှ လူသားများအား ကယ်တင်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ မိမိ၏တပါးတည်းသောသားတော် ယေရှုခရစ်မှ လူသားများကိုယ်စား အသေခံကာ အသွေးသွန်းစေသောနည်းပင်ဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်၏သားတော် ယေရှုခရစ် ဤလောကသို့ ကြွဆင်းလာသော အကြောင်းမှာ အပြစ်ရှိသောလူသားများကို ကယ်တင်ရန်ဖြစ်ပါသည်။

အဓွေးဓွေနွှမ်းစေခြင်း၊ အပြစ်ဖွေဘ်ခြင်းရှိ၏ ---ယသ့ရှုတာ၏ ဤတစ်တာလသာဆုံး၌ တစ်ခါတည်း ကိုယ်ကို ပူဇော်သောအားဖြင့် အပြစ်များကိုဆုတ်ဆင် ဖယ်ရှင်းခြင်းငှာ ပေါ်ထွန်းတော်မူ၏။ ရှေ့ခသည်တစ်ခါသေခြင်းသော၌ ထိုနောက်မှ တရားစီရင်တော်မူခြင်းကို ခံရသကဲ့သို့ ထိုနည်းတူ ခရစ်တော်သည် လူများတပြစ်တို့ကိုခံခြင်းငှာ တစ်ခါတည်းကိုယ်ကို ပူဇော်ပြီးမှ နောက်တဖန် ထိုသခင်ကို မျှော်လင့်လျက်နေသောသူတို့ကို ကယ်တင်ခြင်းအလိုငှာ အပြစ်နှင့်မဆိုင်ဘဲ ပေါ်ထွန်းတော်မူလိမ့်မည်။ ဟေဗြဲ ၉း၂၂၊ ၂၆-၂၈

သို့သော် လူသားများ၏ တုန့်ပြန်ချက်မှာ သခင်ယေရှု၏ ဦးခေါင်းထက်တွင် စူးလှသော ဆူးဦးရစ်သရဖူကဲ့သို့ နာကျင်စေခဲ့ပါသည်။ သခင်ယေရှုသည် လူသားများ၏ ရိုက်ပုတ်ခြင်း၊ ဝံတွေးနှင့်ထွေးခြင်းအား အသည်းနှင့်အောင် ခံစားခဲ့ရပါသည်။ ကိုယ်တော်၏ နံဘေးကို လှံတံနှင့်ထိုးခဲ့ပါသည်၊ နောက်ဆုံးတွင် ကိုယ်တော် သခင်ယေရှုအား လက်ဝါးကပ်တိုင်တွင် အသေသတ်ခဲ့ပါသည်။ လောကသားများအတွက် သခင်ယေရှု ထမ်းဆောင်ရမည့်တာဝန်မှာ မိမိ၏အသက်ကို လူသားများအတွက် စွန့်လွှတ်အသေခံဖို့ ဖြစ်ပါသည်။ ဤအရာသည် အမြင့်မြတ်ဆုံးသော သခင်ယေရှု၏ လူသားများအတွက် အဆုံးစွန်ချစ်ခြင်းမေတ္တာပြမှုပင် ဖြစ်ပါသည်။ လောကသားများကို အပြစ်မှ ကယ်တင်ရန် ဘုရားသခင်၏သားတော် ယေရှုခရစ်၏ ပေးဆပ်မှုသည် တုနှိုင်းမရအဲအလွန် ထိုက်တန်လှပါသည်။

မိတ်ဆွေသည်လည်း သခင်ယေရှုကို မိမိ၏ ကိုယ်ပိုင်ကယ်တင်ပိုင်ရှင် ဘုရားအဖြစ် ရွေးချယ်လက်ခံ၍ ဘုရားသခင်၏ ကယ်တင်ခြင်းလက်ဆောင်ကို လက်ခံရယူနိုင်ပါသည်။ မိတ်ဆွေသည် မိမိကျင်လည်နေသော ဒုစရိုက်ရပ်ဝန်းမှ နောင်တနှင့် ဘုရားရှင်ထံလှည့်လာပြီး သူ့နောက်လိုက်ဖို့ရန် မိမိကိုယ်ကို ဆက်ကပ်အပ်နှံဖို့ လိုအပ်ပါသည်။ ဤဆုတောင်းချက်လေးကို ရွတ်ဆိုခြင်းဖြင့် မိမိကိုယ်ကို ဘုရားရှင်ထံအပ်နှံပါ။

အို အဖဘုရားသခင် ကျွန်ုပ်သည် အပြစ်သားဖြစ်ကြောင်း သိပါသည်။ ကျွန်ုပ်အပြစ်များ ပြေလွတ်ရန် သခင်ယေရှု အသေခံပေးခဲ့ကြောင်း ယုံကြည်လက်ခံပါသည်။ ကျွန်ုပ်ယခု နောင်တရပါပြီ။ အပြစ်များကို နောက်မလုပ်တော့ပါ။ သခင်ယေရှု၏ အပြစ်လွှတ်ခြင်းကျေးဇူးနှင့် ထာဝရအသက်လက်ဆောင်ကို ကျွန်ုပ်လက်ခံပါ၏။ ယခုမှစ၍ ကိုယ်တော်၏ အလိုတော်အတိုင်း လိုက်လျှောက်အသက်ရှင်ပါတော့မည်။ နာမတော်ကို အမှီပြု၍ ဆုတောင်းပါ၏။ အာမင်။

ငါတို့သည် အပြစ်၌စဉ်ဝင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အားထင်ရှားစွာပြတော်မူ၏။ ရောမ ၅း၈

သင်ခန်းစာ ၅-၁၁

မီးသတ်သမားကဲ့သို့ပင် သခင်ယေရှု၏ တစ်ခုတည်းသော ဟာဂန်မှာ ကျွန်ုပ်တို့၏ အသက်ဝိညာဉ်ကို ကယ်တင်ရန် ဖြစ်သည်။ မီးသတ်သမားကဲ့သို့ပင် သခင်ယေရှု၏ လက်နှစ်ဘက်တွင် သက်သေပြရန် အမာရွတ်များ ရှိပါသည်။ မီးသတ်သမား၏ အလုပ်တာဝန်ကို အဆုံးစွန်ထိ ထမ်းဆောင်သော သက်သေပြချက်မှာ အသက်ရှင်နေသော ကလေးငယ်ပင် ဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏ ကျေးဇူးတော် သက်သက်အားဖြင့် အသက်ရှင်ခွင့် ရနေခြင်းဖြစ်သည်။

ထို့ကြောင့် ယနေ့ ဝမ်းမြောက်ပါ မိတ်ဆွေ။ သင်သည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ရွေးနုတ်ခြင်း ခံရသောသူ၊ ဘုရားသခင်၏ နိုင်ငံထဲသို့ ခေါ်ဆောင်ခြင်းခံရသောသူ၊ ဘုန်းကြီးသော ဘုရားသခင်၏ သားသမီး ဖြစ်ခွင့်ရသောသူ ဖြစ်ပါသည်။ နိဂုံးအနေနှင့် မိတ်ဆွေသည် ဘုရားသခင်၏ သားတော် ယေရှုခရစ် ထမ်းဆောင်ခဲ့သော အထူးတာဝန်လုပ်ငန်းကြီးတစ်ရပ်၏ အမှတ်လက္ခဏာ သက်သေတစ်ခုဖြစ်ပါသည်။ ဘုရားသခင် ကောင်းကြီးပေးပါစေ။

[ဧင်မင်းသန့်]

# ဗျာဒိတ် ၃ မှ သင်ခန်းစာများ



## ၁။ မီးနှင့်စစ်ပြီးသော ရွှေကိုဝယ်ပါ။

( ဗျာဒိတ် ၃း၁၈ ) မီးနှင့်စစ်ပြီးသော ရွှေ ဆိုသည်မှာ သန့်ရှင်းစင်ကြယ်သော ရွှေစင်ကို ဝယ်ခြင်းဖြစ်သည်။ ချမ်းသာခြင်း ကောင်းစားခြင်း နှင့် ကြွယ်ဝသော အသက်တာကို ပိုင်ဆိုင်ထားခြင်း ဖြစ်သည်။ ထိုသို့ချမ်းသာရန် ဘုရားအတွက် အစေခံလိုသော ဆန္ဒရှိရမည်။ ထို့ကြောင့် မီးနှင့်စစ်ပြီးသော ရွှေကို ဝယ်ပါဟု ဆိုခြင်းမှာ ဘုရားသခင်အတွက် ပေးဆပ်ဆက်ကပ်ရန် ဆိုလိုခြင်းဖြစ်သည်။

## ၂။ ဖြူသော အဝတ်ကိုဝယ်ပါ။

(ဗျာဒိတ် ၃း၃-၅ ) အောင်မြင်သောသူသည် ဖြူသောအဝတ်ကို ဝတ်ဆင်လိမ့်မည်။ ထိုသူ၏ နာမကို အသက်စာစောင်မှ ငါသည်အလျှင်းမချေ။ ညစ်ညူးသောအဝတ်ကို ချွတ်ပယ်လော့၊ - - သင့်အပြစ်ကို ငါဖြေရှင်းပြီ။ တင့်တယ်သော အဝတ်ကိုဝတ်စေမည်။

(ဗျာဒိတ် ၁၆း၁၆ ) သူခိုးကဲ့သို့ ငါလာ၏။ အဝတ်အချည်းစည်းနှင့် သွားလာ၍ သူတပါးရှေ့၌ ရှက်ခရာအကြောင်း မရှိစေခြင်းငှာ၊ နိုးလျက်နေ၍ ကိုယ်အဝတ်ကို စောင့်သောသူသည် မင်္ဂလာရှိ၏။

(ဗျာဒိတ် ၇း၁၃-၁၇ ) ဖြူသောဝတ်လုံကို ဝတ်ဆင်သော ဤသူတို့သည် အဘယ်သူနည်း။ အဘယ်အရပ်ကလာကြသနည်းဟု မေးလျှင် ဤသူတို့သည် ကြီးစွာသော ဆင်းရဲဒုက္ခအထဲက ထွက်မြောက်၍ မိမိတို့ဝတ်လုံကို သိုးသူငယ်၏အသွေး၌လျှော်၍ ဖြူစေသောသူဖြစ်ကြသတည်း။ - - သူတို့သည် နောက်တဖန် ရေစာကို မငတ်မမွတ်ရကြ။ - - ဘုရားသခင်သည်လည်း သူတို့မျက်စိ၌ မျက်ရည်ရှိသမျှကို သုတ်တော်မူမည်ဟု ဆိုလေ၏။

အပြစ်ကို ဖော်ပြဝန်ချစွန့်ပစ်ခြင်းသည်၊ ညစ်ညူးသော အဝတ်ကိုချွတ်ပယ်ခြင်းဖြစ်သည်။ ခရစ်တော်၏ အသွေးတော်အားဖြင့် ကယ်တင်ခြင်းရပြီဟု ယုံကြည်ဝန်ခံလျက် ဘုရားသခင်ကိုသာ ခိုလှုံသောသူသည် ဖြူသောဝတ်လုံကိုရရှိပြီဖြစ်၍ အပြစ်ကိုအောင်မြင်သောသူ၊ ဘုရားသခင့်ရှေ့၌ ရှက်စရာအကြောင်း မရှိတော့သောသူဖြစ်၏။ အပြစ်ကိုရှုံ့ချပါ၊ ခရစ်တော်၌ သစ္စာရှိပါ၊ နှလုံးသားကိုပေးအပ်ပါ၊ အစိုးအစပေးရခြင်းများကိုလည်း မကြောက်ပါနှင့်၊ သစ္စာရှိစွာ ရပ်တည်ပါ၊ မိမိ၏ ဝိညာဉ်ဆုကျေးဇူးများကို လောကအရာများနှင့် မလဲလှယ်ပါနှင့်။

ဣသရေလလူမျိုးများသည် အပြစ်ပြုသောအခါ (လောကဘုရားများ ဘက်သို့ လှည့်သောအခါ ) ဘုရားရှေ့၌ အဝတ်အချည်းစည်း ရှိသောသူများဖြစ်ရ၏။ (ထွက် ၃၂း၂၁-၂၅ ) ထိုသို့ပင် အာဒံနှင့်ဧဝသည် အပြစ်လုပ်မိသောအခါ အဝတ်အချည်းစည်းဖြင့်ကြီး သရှက်ရခဲ့သည်။ ( က ၃း၇ ) အမှန်မှာမူ ဘုရားသခင်သည် ထိုသူတို့အား အဝတ်အချည်းစည်း ဖြစ်စေခဲ့ခြင်းမဟုတ်ပါ။ ဖြူသောဝတ်လုံ မရှိသောသူသည် အဝတ်ဗလာနှင့်လူ ဖြစ်သည်။ ကျွန်ုပ်တို့လည်း အဝတ်အချည်းစည်း မဖြစ်ရန်မိမိကိုယ်ကို စစ်ကြောရမည်။

## ၃။ မျက်စိအတွက် မျက်စဉ်းဝယ်ပါ။

(ဆာလံ ၁၁၉း၁၈ ) တရားတော်၌ အံ့ဩဖွယ်သော အရာတို့ကို မြင်နိုင်ပါမည်အကြောင်း အကျွန်ုပ်၏ မျက်စိတို့ကို ဖွင့်တော်မူပါ။ ဝိညာဉ်မျက်စိကွယ်လျှင် ဝိညာဉ်အရာများကို မမြင်နိုင်တော့ပါ။ အပြစ်က ဝိညာဉ်မျက်စိကို ကွယ်စေခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်နှင့်ဆိုင်သောအရာ၊ ဝိညာဉ်အရာများကို မမြင်ရတော့ပါ။ မျက်စိအတွက် မျက်စဉ်းကိုဝယ်ပါ၊ သို့မှသာ ဝိညာဉ်မျက်စိပွင့်၍ ဘုရားရှင်ပြသော အံ့ဩဖွယ်အမှုများကိုမြင်ရမည်။ လူသားများသည် ထာဝရအသက်ကို အခမဲ့ရသော်လည်း ကောင်းချီးမင်္ဂလာကိုမူ ကျွန်ုပ်တို့၏ အချိန်၊ ငွေ၊ စွမ်းရည်များကို ဘုရားသခင်အတွက် ပါဝင်ဆက်ကပ်ခြင်းဖြင့် ဝယ်ယူရပါသည်။ (အချိုးအစား ပေးရပါသည်။) သမ္မာကျမ်းစာကို အချိန်ပေး၍ လေ့လာရမည်။ ဘုရားရှင်သည် သူ၏သားသမီးများအား ကောင်းချီးပေးလိုသောဘုရား ဖြစ်သောကြောင့် ရရှိမည့် ဆုလာဒ်များမှာ အလွန်အဘိုးထိုက်တန်လှပါသည်။

( ဗျာဒိတ် ၃း၂၀ - ငါသည် တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏၊ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူစားသောက်မည်။) တခါတရံ ကျွန်ုပ်တို့နှလုံးသား တံခါးအပြင်ဘက်၌ ကိုယ်တော်ရပ်နေတတ်သည်၊ ကျွန်ုပ်တို့က မဖိတ်ခေါ်လျှင် ကိုယ်တော်ဝင်မလာပါ။ ထို့ကြောင့် ကျွန်ုပ်တို့က ဝင်ခွင့်ပြုချိန်အထိ ကိုယ်တော်စောင့်နေပါသည်။ မိမိတို့နှလုံးသားတွင် သခင်ယေရှုဘုရားအား နေရာမပေးနိုင်ခြင်းသည်၊ ကျွန်ုပ်တို့နှလုံးသား၌ အခြားသောအရာများနှင့် ပြည့်နေသောကြောင့်ဖြစ်သည်။ 'အတူစားသောက်ခြင်း' သည် မိတ်ဆွေဖွဲ့ခြင်းကိုပုံဆောင်သည်။ ဘုရားသခင်နှင့် နေ့စဉ် မိတ်ဆွေဖွဲ့နိုင်ပါသည်။

သခင်ယေရှုသည် အရာခပ်သိမ်းအပေါ် အောင်မြင်၍ ပလ္လင်ပေါ်တွင် ဘုန်းတန်ခိုးနှင့်စိုးစံနေပြီဖြစ်သည်။ ထိုအောင်မြင်မှုနှင့် ဘုန်းတန်ခိုးကို ယုံကြည်သူများ ကိုလည်း ခံစားခွင့်ပေးမည်ဟု ကတိတော်ရှိသည်။ သခင်ယေရှုက ကျွန်ုပ်တို့အား လောကီအရပ်ရပ်သို့သွား၍ ဧဝံဂေလိတရားဟောရန် အခွင့်ထူးကိုလည်းအပ်ပေးခဲ့သည်၊ ( မာကု ၁၆း၁၅) သို့ဖြစ်၍ သင်သည်လည်း ခရစ်တော်ကိုချစ်၍ နှလုံးသားထဲ၌ ထိုသခင်ကို အုပ်စိုးခွင့်ပေးကာ အမှုတော်မြတ်တွင် ပါဝင်ပါဟု တိုက်တွန်းလိုက်ပါသည်။

[ဒေါ်လေးဟန္ဒ]

# ကျေးဇူးတင်ပါရစေ မေမေ



မေလကို ရောက်လာပြန်ပါပြီ၊ မေလကို ရောက်တဲ့အခါ အရှေ့တောင်အာရှမှာရှိတဲ့ နိုင်ငံတော်တော်များများဟာ ပူပြင်းတဲ့ နေမင်းရဲ့ ဒဏ်ကိုခံစားရပါတယ်။ ဒီလိုပူပြင်းလာရင်တော့ လူတိုင်းဟာ အေးမြတဲ့ အရိပ်အာဝါသကို တောင့်တ လာတတ်ကြပါတယ်။

ကျွန်မတို့ ငယ်ငယ်က နွေရာသီ ကျောင်းပိတ်တိုင်း အားအားမြို့ နားမှာရှိတဲ့ ကော့ကရိတ်မြို့ရွာက အဖွားအိမ်ကိုသွားလည်လေ့ရှိပါတယ်။ ရာသီဥတု ပူပြင်းတဲ့အပြင် အဖွားအိမ်ရောက်ဖို့ ဂုမိုင်လောက် လယ်ကွင်းထဲဖြတ်ပြီး လမ်းလျှောက်ရတာမို့ ကျွန်မတို့ မောင်နှမတွေ ကြိုးစားလျှောက်ရင်း နီးနားရာ အရိပ် တွေ့လိုတွေ့ငြား ရှာခဲ့မိပါတယ်။ နောက်ဆုံးတွေ့လိုက်ရတဲ့ အရိပ်ကတော့ အဖွားအိမ်ရှေ့မှာရှိတဲ့ စိန်ပန်းပင် နီနီရဲရဲကြီးရဲ့အရိပ်ဘဲ ဖြစ်ပါတယ်။ မောင်နှမတွေအမြန်ပြေးပြီး စိန်ပန်းပင်ကြီးရဲ့အောက်ကို အပြိုင်ခိုဝင်ပြီး အမောဖြေခဲ့တဲ့ အေးမြတဲ့အရသာကို ဘယ်တော့မှ မမေ့နိုင်မဲ့တာ ဒီနေ့ထိဘဲပေါ့။

ကျွန်မဘဝမှာစိန်ပန်းပင်ကြီးရဲ့အရိပ်ထက်ပို၍အေးမြသော အရိပ်တစ်ခုကို အမြဲတမ်းတနေမိတယ်။ အဲဒီအရိပ်ကတော့ မွေးဖွားစဉ်ကတည်းက ဒီနေ့ထိတိုင် လွှမ်းခြုံ ရိပ်မိုးပေးနေတဲ့ မိခင်ရဲ့မေတ္တာရိပ်ဘဲ ဖြစ်ပါတယ်။ လူသားတိုင်းဟာ လောကခရီးမှာ အသက်ရှင်နေထိုင်ကြရင်း လေ့တော်ကန်သင်းတွေကို တစ်ကြိမ်မဟုတ်တစ်ကြိမ်တိုက်မိကြမှာမလွဲပါဘဲ။ အဲဒီအခါမှာတော့ 'စလုတ်ထိမှ အမိတ' ဆိုသလို မိခင်ကို တမ်းတမိကြမှာပါ။ ပူပြင်းတဲ့ လောကဒဏ်ကို ဖြတ်လျှောက်မိတိုင်း မိခင်ရဲ့ အရိပ်ကို ခိုဝင်လိုက်ရင်၊ အေးမြတဲ့ အရသာကို ခံစားရမှာပါ။ ဘုရားသခင်ဟာ သူ့ရဲ့မေတ္တာကို လူသားတွေ သိရှိနားလည်စေဖို့ မိခင်များကို သူ့ကိုယ်စားထားခြင်း ဖြစ်တယ်လို့ ကျွန်မ ခံယူမိပါတယ်။ ဒီအချိန်မှာ မိခင်အားလုံးကို သားသမီးများ အားလုံးရဲ့ကိုယ်စား 'ကျေးဇူး တင်ပါတယ် မေမေ' လို့ပြောပါရစေ။

မိခင်တွေဟာ မိမိတို့ရဲ့ ဝမ်းကြာတိုက် ထဲက ရင်သွေးငယ်ကျန်းမာစေဖို့ အတွက် ဝမ်းတွင်းလွယ်စဉ်၊ ရှောင်ကြဉ် စပ်ခါး၊ မစားခဲ့ရ ဘဲ၊ လူသားသန္ဓေ ကိုယ်နေမှန် ဖို့အတွက် အနေအထိုင် အသွားအလာ ဆင်ခြင်ခဲ့ရပါတယ်။ အိပ်လျှင်သော်လည်း ခါးမဆန့်ရပါဘူး။ မွေးဖွားသန့်စင်လာတဲ့ ရင်သွေးငယ်ကိုလည်း အပူအအေး ရာသီဒဏ် ခံနိုင်အောင်ပြုစုရသလို မှက်၊ ခြင်၊ ယင် မကိုက်ရအောင် မနားမနေ ပြုစု ရမြန်ပါတယ်။ အရွယ်ရောက်လာပြန်ရင်လည်း ကျန်းမာသန်စွမ်းတဲ့ ကလေးတွေဖြစ်အောင် ကျန်းမာရေးနဲ့ ညီတဲ့ အစားအစာကို ကျွေးမွေးခဲ့ရသလို လူတစ်လုံး သူတစ်လုံးဖြစ်အောင်လည်း ပြုစုပေးခဲ့တဲ့မေမေ့ကို ကျွန်မက 'ဖလော်ရင့်နိုက်တင်ဂေး' ဘွဲ့ရထိုက်တဲ့ သူနာပြု ဆရာမကောင်း တစ်ယောက်လို့ တင်စားပါရစေ မေမေ။

ငယ်ငယ်တုန်းက ပုခက်လွှဲပြီး 'အိုအော့ - အိုအော့အော့' ဆိုတဲ့ အမေချော့သိပ်တဲ့ အသံ၊ ၃-၄နှစ် အရွယ်မှာတော့ ညအိပ်ယာဝင် ပုံပြင်ပြောပြတတ်တဲ့ အမေ့ရဲ့အသံ၊ သားသမီးတွေအတွက် ဆုတောင်းပေးနေတဲ့ အမေ့ချိုသာသံ၊ သားသမီးတွေ ဘဝ သာယာဖြောင့်ဖြူးဖို့ရန်အတွက် ဩွာဒ်သင်ဆုံးမတဲ့ အမေ့ရဲ့ ကြင်နာသံများဟာ ကမ္ဘာကျော်တေးဂီတ ပညာရှင်များရဲ့ အသံထက်သာ၍ကောင်းတဲ့ အသာယာဆုံး အသံပိုင်ရှင် မေမေလို့ ကျွန်မ တင်စားပါရစေ မေမေ။ ကျေးဇူးတင်ပါရစေ မေမေ။

ငယ်ငယ်ကတည်းက အိပ်ယာကနိုးတာနဲ့ ကျမ်းစာဖတ်၊ ဆုတောင်းပြီးမှ မနက်စာကို ကျွေးခဲ့တာ မှတ်မိနေပါသေးတယ်။ မျက်လုံးနှစ်လုံးဖွင့်တာနဲ့ ဘာလုပ်လုပ် ဘုရားသခင်ကို အားကိုးတတ်ဖို့ သွန်သင်ပေးခဲ့ပါတယ်၊ ခရစ်တော် ဘုရားရှင်ဟာ ကျွန်မတို့ရဲ့ ယုံကြည်ရာ ကယ်တင်ရှင်ဘုရား ဖြစ်ကြောင်း ဧဝံဂေလိသတင်းစကားကို ဖြန့်ဝေပြီး မိညာဉ်အစာကျွေးမွေး သွန်သင်လမ်းပြခဲ့တဲ့ ဘုရားရှင်ရဲ့ အမှုတော်ဆောင် မေမေ့ကို သမီး ကျေးဇူးတင်ပါရစေ မေမေ။

ကျောင်းနေစဉ် ဆရာစကားကို နားထောင်တတ်ပြီး လိမ္မာတဲ့ တပည့်ကောင်းဖြစ်အောင် ဆုံးမ ပေးရုံမက အိမ်ရေးမျက်ခံကာ ချက်ပြုတ်ရင်းစာသံ၊ စာသင်ပေးခဲ့တဲ့ ကျွန်မအတွက် ကျောင်းဆရာမကောင်း မေမေ့ကို ကျေးဇူး အနန္တပါဘဲ မေမေ။

မောင်နှမအချင်းချင်း ရန်ဖြစ်ရင်လည်း ရန်ဖြစ်သူအချင်းချင်းဖက်ပြီး 'နင့်ကိုငါချစ်တယ်' လို့ပြောခိုင်းပြီး ပြန်လည်သင့်မြတ် စေခဲ့ပါတယ်။ စကားနားမထောင်ရင်လည်း ရိုက်ပြီးဆုံးမခဲ့တဲ့ မေမေ့ကိုသမီး ဒီနေ့နားလည်ခဲ့ပါပြီ။ စစ်မက်ဖြစ်ပွားခြင်းကို မလိုလားဘဲ သာယာအေးချမ်းသော လူ့ဘောင်ကို တည်ထောင်ချင်တဲ့ စိတ်ရှိအောင် လမ်းပြပေးတဲ့အတွက် ကမ္ဘာသိအောင် ကြေငြာချင်တာကတော့ မေမေဟာ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ဖြစ်ထိုက်ပါတယ် ဆိုတဲ့အကြောင်းပါဘဲ၊ ကျေးဇူးတင်ပါတယ်မေမေ။

အမေ အများစုဟာ လခမရဘဲ၊ အိမ်ပြင်မထွက်ရဘဲ၊ အိမ်ထဲမှာဘဲ ချက်ပြုတ်၊ အဝတ်လျှော် သန့်ရှင်းရေး လုပ်ပြီး မိသားစုအတွက် ဦးစားပေးလုပ်ဆောင်ရပါတယ်။ အားလုံးအတွက် အစေခံတစ်ဦးလို အလုပ်အကျွေးပြုပြီး မိမိကြိုက်တဲ့ ဟင်းလျာ ဖြစ်ပါလျက် သားသမီးတွေစားစေဖို့ 'မေမေက ဒါတွေမကြိုက်လို့ပါ' လို့ မုသာသုံးပြီး အနစ်နာခံခဲ့တဲ့ မေမေ့ကို ကျေးဇူးတင်ပါရစေ မေမေ။

အိမ်မှာဖေဖေ့ လုပ်စာတစ်ခုတည်းနဲ့ မလောက်ငလို့ အပြင်မှာဝင်ငွေထွက်ရှာခဲ့တဲ့ မေမေရယ် သမီး ကျေးဇူးတင်ပါတယ်။ တစ်ခါတစ်ရံမှာ မပြုလုပ်အပ်သော အလုပ်ကို တရားဥပဒေနဲ့ငြိစွန်းမှာ မကြောက်ဘဲ ဘဝအပျက်ခံပြီး သားသမီးတွေအတွက် ငွေရှာပေးခဲ့တယ်နော်။ မေမေဒီဘဝက လွတ်မြောက်ဖို့ သမီးတို့ မောင်နှမတွေအားလုံး ဆုတောင်းပေးနေပါတယ် မေမေ။

ပြုစုကျွေးမွေး ပညာပေး၍၊ နေ့စဉ်ဝတ်စရာ ရှာဖွေရသော၊ ကျေးဇူးဆပ်မကုန် ဘဝဇာတ်ခုံတွင် လူတွင်ကျယ်ဖို့ ကျွန်မ သမီးတစ်ယောက်အနေနဲ့ မေမေအားလုံးကို သားသမီးအားလုံးရဲ့ ကိုယ်စား ကျေးဇူးတင်ပါရစေ မေမေ။ ဒီစာအားဖြင့် ကျေးဇူးတင်ဂုဏ်ပြုပါရစေ၊ မေမေအားဖြင့် ဘုရားသခင်ဟာ နေရာတိုင်းမှာရှိကြောင်း၊ မေမေ့ကို တွေ့မြင်သူတိုင်းဟာ ဘုရားသခင်ရဲ့ မေတ္တာကိုတွေ့မြင်စေခဲ့တဲ့ မေမေ့ကို ကျေးဇူးတင်ပါတယ် မေမေ။

သူ့ထံ့ ဥဒ၁၀-၂၀ သီလနှင့်ပြည့်စုံသော မိန်းမကို အဘယ်သူတွေ့ရသနည်း။ ထိုသို့သောမိန်းမသည် ရွှေမြိုးထက် အဖိုးသာ၍ ထိုက်ပေ၏။ သူ၏သားသမီးတို့သည် ထ၍ အမိကိုကောင်းချီး ပေးကြ၏။ [ သီတာ ]

---

## ဘုရားသခင်အား ကျေးဇူးတင်ခြင်း

"အရာအရာတိုင်းမှာ ကျေးဇူးတော်ချီးမွမ်းကြပါ" သီချင်းကို ကျွန်ုပ်တို့ အားလုံးအဖြတ်ဖြတ် အားရပါးရ သီဆိုချီးမွမ်းလေ့ရှိပါသည်။

အရာရာတိုင်းမှာ တကယ်ဘဲ ကျေးဇူးတော် ချီးမွမ်းဖြစ်ပါသလား။

အရာအရာတိုင်းအတွက် ဘုရားသခင်ကို တကယ် ကျေးဇူးတင်ရဲ့လား။

အောက်ပါ စာကြောင်းလေးနှင့် စဉ်းစားဆင်ခြင် စေချင်ပါသည်။

အို ဘုရားသခင် --

ကိုယ်တော် ချပေးသနားတော်မူသော အရာများအတွက်

ကိုယ်တော့်ကို ကျေးဇူးတင်ပါသည်။

ကိုယ်တော် မပေးဘဲ ချန်ထားသမျှ အတွက်သော်လည်းကောင်း၊

ကိုယ်တော် ပေးပြီးမှ ပြန်လည် သိမ်းယူသွားသော အရာများအတွက်သော်လည်းကောင်း၊

ကိုယ်တော့်ကို အထူး ကျေးဇူးတင်ပါသည်။ ။

[ ဂျူးဂျူ ]

ဤ သခင့်စကား စာစောင်ကို မိတ္တူကူး၍ သင့်မိသားစုနှင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများထံပေးပို့ခြင်းဖြင့် အမှုတော်မြတ်တွင် ပါဝင်ပါ။